# ပြည်သူ့လွှတ်တော်ရုံး ဝန်ထမ်းများအတွက် ဆန်နှင့် ဆီများ ထောက်ပံ့ပေးအပ်ခြင်းအား အခမ်းအနား ကျင်းပ

နေပြည်တော် ဇွန် ၁၆

ပြည်သူ့လွှတ်တော်ရုံး ဝန်ထမ်းများအတွက် ဆန် နှင့် ဆီများ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားအား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ သဘင်ဆောင်ခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါအခမ်းအနားသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီနှင့် အတူ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ နှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ က အဖွင့်အမှာစကားပြောကြားပြီး ပြည်သူ့လွှတ်တော်ရုံး ဝန်ထမ်းများအတွက် စုစုပေါင်း ဆန် (၆) ပြည်အိတ် (၇၃၈) အိတ်နှင့် မြေပဲဆီသန့် (၅၀) သားဘူး (၄၉၀) ဘူးတို့အား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများက ဝန်ထမ်းများထံ ပေးအပ် ပြီးနောက် အခမ်းအနားပြီးစီးခဲ့ပါသည်။